Public Disclosure Authorized

# မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု

စာတမ်းတို အမှတ်(၅)

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်

**မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု (MYANMAR COVID-19 MONITORING)** ကို မြန်မာနိုင်ငံ၊ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ အကူအညီဖြင့် ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှုနှင့် သာတူညီမျှမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (POVERTY AND EQUITY GLOBAL PRACTICE)နှင့် မေခရိုစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (MACRO, TRADE AND INVESTMENT GLOBAL PRACTICE) တို့မှ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို ပံ့မှန်ပံ့ပိုးပေးနိုင်ရန် လစဉ်ကောက်ယူလျက်ရှိသော အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း စစ်တမ်းတစ်ခုကို အခြေခံကာ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (SOCIAL DEVELOPMENT GLOBAL PRACTICE) မှ ဦးဆောင်ကောက်ယူသော ရပ်ရွာစစ်တမ်းတစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှုကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန၊ ကိုရီးယားနိုင်ငံအစိုးရ၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့မှ စုပေါင်းထည့်ဝင်သော စာရင်းအင်းစွမ်းရည်မြှင့်တင်ရေးရန်ပုံငွေ (TRUST FUND FOR STATISTICAL CAPACITY BUILDING – TFSCBIII) မှ ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံအစိုးရ၊ ဒိန်းမတ်နိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရနှင့် ဆွီဒင်နိုင်ငံအစိုးရတို့မှလည်း ထပ်ဆောင်းပံ့ပိုးကူညီထားပါသည်။

အီးမေးလ် → MYANMAR@WORLDBANK.ORG



THE WORLD BANK
IBRD · IDA

MYANMAR CSO

# စီးပွားရေးလုပ်ငန်းများအပေါ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှု

## တတိယအကြိမ်စောင့်ကြည့်လေ့လာမှုမှ ရလဒ်များအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၁၈ ရက်နေ့အထိ


**ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုနှင့်စပ်လျဉ်း၍ အရေးအတွက်စံပြုသည့် အထောက်အထားများ ရရှိစေရန်အတွက် ကမ္ဘာ့ဘဏ်သည် စီးပွားရေးလုပ်ငန်းအဆင့် စစ်တမ်းတစ်ခုကို ဆောင်ရွက်စေခဲ့ပါသည်။** ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပံ့ပိုးပေးသည့် တစ်နိုင်ငံလုံး ကိုယ်စားပြုသော[၁] ကမ္ဘာ့ဘဏ်စစ်တမ်းတစ်ခုအား အသုံးပြု၍ မေလ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အချက်အလက်များကို သုံးကြိမ်ကောက်ယူခဲ့ပြီး ဖြစ်ပါသည်။ စစ်တမ်းတွင် လုပ်ငန်းကဏ္ဍအမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးရှိသော တရားဝင်နှင့် ကျပန်းစီးပွားရေး ကဏ္ဍနှစ်ခုစလုံးမှ ကုမ္ပဏီ/စီးပွားရေး လုပ်ငန်းပေါင်း ၅၀၀[၂] ပါဝင်ခဲ့ပါသည်။ ဤစာတမ်းတိုတွင် မေလမှ ဩဂုတ်လအထိ ကြားကာလများအတွင်း ကုမ္ပဏီများ၏ ရလဒ်များနှင့် ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်မှုများ မည်သို့ပြောင်းလဲလာသည်ကို အကျဉ်းချုပ်တင်ပြထားပါသည်။

**ယာယီပိတ်ထားသော ကုမ္ပဏီအချိုးအစားသည် ဩဂုတ်လတွင် အနည်းငယ်မြင့်တက်လာပါသည်။** ဤလအတွင်းတွင် ပျမ်းမျှအားဖြင့် ကုမ္ပဏီများ၏ ၇ ရာခိုင်နှုန်းသည် ယာယီပိတ်ထားရာ ဇူလိုင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်တိုးလာခြင်း ဖြစ်သည်။ ချင်းပြည်နယ်နှင့် အပူပိုင်းဇုန်ရှိ ကုမ္ပဏီများမှလွဲ၍ အခြားဇုန်များအားလုံးတွင် ပိတ်ထားသော ကုမ္ပဏီများ၏ အချိုးအစားသည် တိုးလာပါသည်။ ကဏ္ဍအလိုက် ရလဒ်များမှာမူ အကောင်းအဆိုး ရောနှောနေပါသည်။ ဝန်ဆောင်မှုနှင့် လက်လီ ရောင်းဝယ်ရေးကုမ္ပဏီများသည် ပြန်လည်နာလန်ထူလာသော်လည်း ယာယီပိတ်ထားဆဲဖြစ်သည့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ရေး ကုမ္ပဏီများ၏ အချိုးအစားသည် တိုးလာပါသည်။ ဩဂုတ်လတွင် စိုက်ပျိုးရေးကဏ္ဍမှ ကုမ္ပဏီများသည် ကိုဗစ်-၁၉ ကြောင့် အထိအနာဆုံးဖြစ်ပြီး (ပုံ.၁) ထိုကုမ္ပဏီများ၏ ၁၀ ရာခိုင်နှုန်းသည် ပိတ်ထားဆဲ ဖြစ်ပါသည်။


**ကိုဗစ်-၁၉၏ ယေဘုယျဆိုးကျိုးသက်ရောက်မှုများမှာ ကြီးမားနေဆဲဖြစ်သော်လည်း အချို့နယ်ပယ်များတွင် တိုးတက်မှုများ တွေ့မြင်ရပါသည်။** ကပ်ရောဂါကြောင့် ရောင်းအားကျဆင်းခြင်းသည် ကုမ္ပဏီများကို ထိခိုက်မှုအရှိဆုံးနယ်ပယ် ဖြစ်ပါသည်။ ဇွန်လတွင် ကျွန်ုပ်တို့၏ နမူနာအုပ်စုထဲမှ ကုမ္ပဏီများ၏ ၈၁ ရာခိုင်နှုန်း (ပုံ.၃) သည် ရောင်းအားကျဆင်းမှုနှင့် ကြုံတွေ့ရသည်ဟု ဆိုပါသည်။ ရောင်းအားကျဆင်းမှုနောက်တွင် နောက်ထပ်အပြောအများဆုံး သက်ရောက်မှုများကို ပြင်းထန်မှုအလိုက် ကြီးစဉ်ငယ်လိုက်တင်ပြရလျှင် ထုတ်လုပ်မှု ကျဆင်းခြင်း၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများကို ဖောက်သည်များထံ ရောင်းချရန် ခက်ခဲခြင်းနှင့် ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းတို့ ဖြစ်ပါသည်။ သို့သော် အဆိုပါသက်ရောက်မှုများကို ခံစားခဲ့ရသည်ဟုဆိုသော ကုမ္ပဏီများ၏ အခြေအနေသည် မေလနောက်ပိုင်းတွင် တိုးတက်လာပါသည်။ ရောင်းအားနှင့် ကုန်ထုတ်လုပ်မှု ကျဆင်းခြင်းမှလွဲ၍ ကျန်သက်ရောက်မှုများကြောင့် ထိခိုက်ခံစားရသည်ဟုဖြေဆိုခဲ့သော ကုမ္ပဏီများထဲတွင် ယခုအခါ ကုမ္ပဏီများ၏ ထက်ဝက်အောက်ကသာ ထိုသို့ထပ်မံဖြေကြားပါသည်။ ဥပမာ ဩဂုတ်လတွင် ချေးငွေရရှိနိုင်မှု လျော့နည်းသွားသည်ဟုဆိုသော ကုမ္ပဏီမှာ ၁၆ ရာခိုင်နှုန်းသာ ရှိပါသည်။ ဤသည်မှာ ဇူလိုင်လကထက် ထက်ဝက်လျော့နည်းသွားခြင်းဖြစ်သဖြင့် သိသာထင်ရှားသော တိုးတက်မှုဖြစ်ပါသည်။

**အမျိုးသမီးပိုင်ဆိုင်သော ကုမ္ပဏီများသည် ကိုဗစ်-၁၉ ကြောင့် ဆိုးကျိုးသက်ရောက်မှုများကို ခံစားရနိုင်ခြေ ပိုများသည်။** ယေဘုယျအားဖြင့် ငွေသားစီးဆင်းမှု ပြတ်လပ်သွားခြင်း၊ ရောင်းအားကျဆင်းခြင်းနှင့် ယာယီပိတ်ထားရခြင်းဟူသည့် ကိုဗစ်-၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများသည် အမျိုးသားပိုင်ဆိုင်သော ကုမ္ပဏီများထက် အမျိုးသမီးပိုင်ဆိုင်သော ကုမ္ပဏီများအပေါ် သက်ရောက်မှု ပို၍ပြင်းထန်ပါသည်(ပုံ.၄)။ သို့သော် ဩဂုတ်လတွင် ယခင်လများနှင့်နှိုင်းယှဉ်လျှင် သိသာထင်ရှားသည့် ပြောင်းလဲမှုတစ်ခုမှာ ချေးငွေလက်လှမ်းမီမှု လျော့နည်းသွားသည့် အမျိုးသမီးပိုင်နှင့် အမျိုးသားပိုင် ကုမ္ပဏီများ၏ အချိုးအစားသည် တူညီနေပါသည်။ ချေးငွေရရှိနိုင်မှု လျော့နည်းခြင်းသည် အမျိုးသားစီးပွားရေးလုပ်ငန်းပိုင်ရှင်များနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများ တစ်ပန်းရှုံးမှု အများဆုံး နယ်ပယ်တစ်ခု ဖြစ်ပါသည်။ သို့သော် ဩဂုတ်လတွင် ချေးငွေရရှိနိုင်သည့် လမ်းကြောင်းများ ပြန်လည်နာလန်ထူလာသည့် အထောက်အထားကို တွေ့ရှိရပါသည်။ သို့တိုင်အောင် အမျိုးသမီးပိုင်ကုမ္ပဏီများသည် အမျိုးသားပိုင်ကုမ္ပဏီများနှင့် နှိုင်းယှဉ်လျှင် ယာယီပိတ်ထားရနိုင်ခြေ နှစ်ဆနီးပါး ပိုများနေဆဲဖြစ်ပါသည်။ အမျိုးသမီးပိုင်ကုမ္ပဏီများ၏ ၉ ရာခိုင်နှုန်းသည် ယာယီပိတ်ထားရပြီး အမျိုးသားပိုင်ကုမ္ပဏီများတွင်မူ ယာယီပိတ်ထားရသည်မှာ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။


ပုံ (၁) ကဏ္ဍအလိုက် ယာယီပိတ်ထားရသည်ဟုဆိုသော ကုမ္ပဏီများ၏ ရာခိုင်နှုန်း




ပုံ (၂) ဇုန်အလိုက် ယာယီပိတ်ထားရသည်ဟု ဆိုသော ကုမ္ပဏီများ၏ ရာခိုင်နှုန်း




ပုံ (၃) ကုမ္ပဏီများအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှု




မှတ်ချက် –
ပ-အကြိမ် = မေလ
ဒု-အကြိမ် = ဇူလိုင်လ
တ-အကြိမ် = ဩဂုတ်လ

ရည်ညွှန်းချက် –
ကမ္ဘာ့ဘဏ်၏ ကိုဗစ်-၁၉
စီးပွားရေးလုပ်ငန်းစစ်တမ်း

၁ စစ်တမ်းသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုနိုင်ပြီး များပြားလှစွာသော ကဏ္ဍများမှ ကုမ္ပဏီများ/စီးပွားရေးလုပ်ငန်းများ ပါဝင်ပါသည်။ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းအဆင့် စစ်တမ်းများသည် ကုန်ထုတ်လုပ်မှု၊ လက်လီ/လက်ကားနှင့် ဝန်ဆောင်မှုကဏ္ဍများကို အဓိကထား လေ့လာကြသော်လည်း ကမ္ဘာ့ဘဏ်စစ်တမ်းသည် စိုက်ပျိုးရေးကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)နှင့် ကျပန်းစီးပွားရေးလုပ်ငန်းများပါဝင်သည့် မြန်မာ့စီးပွားရေးလုပ်ငန်းများ အားလုံးကို ပိုမိုတိကျစုံလင်စွာ လေ့လာထားပါသည်။


၂ တတိယအကြိမ် အချက်အလက်များ ကောက်ယူမှုတွင် ဒုတိယအကြိမ်မှ စစ်တမ်းကောက်ခဲ့သော ကုမ္ပဏီများထဲမှ ၃၉၁ ပါဝင်ပါသည်။ နမူနာလိုအပ်ချက်ပြည့်မီစေရန် ဆက်လက်ပါဝင်နိုင်ခြင်း မရှိတော့သည့် ကုမ္ပဏီများအား အခြားကုမ္ပဏီများဖြင့် အစားထိုးခဲ့ပါသည်။

**မတ်လတွင် ကိုဗစ်-၁၉ ရောဂါ စတင်ပြန့်ပွားချိန်မှစ၍ ကုမ္ပဏီအများစုအား အရောင်းပမာဏနှင့် အကျိုးအမြတ်များ ကျဆင်းစေခဲ့ပါသည်။** မေလနှင့် ဇွန်လအကြားတွင် အကျိုးအမြတ်ဆုံးရှုံးသည်ဟုဆိုသော ကုမ္ပဏီအချိုးအစားသည် ယမန်နှစ်က တူညီသော အချိန်ကာလနှင့် နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းနီးပါး တိုးလာပြီး (ပုံ.၅) အကျိုးအမြတ်ဆုံးရှုံးသော ကုမ္ပဏီအချိုးအစားသည် ၇၂ ရာခိုင်နှုန်း ဖြစ်လာပါသည်။ ထို့ပြင် မတ်လနှင့် နှိုင်းယှဉ်လျှင်လည်း ဤအချိုးအစားသည် ပိုမိုမြင့်မားပါသည်။ ကဏ္ဍများအားလုံးမှ ကုမ္ပဏီများသည် ဇွန်လတွင် မေလကထက် အခြေအနေ တိုးတက်ကောင်းမွန် လာသော်လည်း စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများအတွင်းရှိ ကုမ္ပဏီများသည် မတ်လအတွင်းရှိ ကပ်ရောဂါ၏ အစောပိုင်းအဆင့်များကလောက် အခြေအနေမကောင်းပါ(ပုံ.၅)။ အရွယ်အစားအလိုက်ကြည့်မည်ဆိုလျှင် (ပုံ.၆) အလယ်အလတ်အရွယ်အစားရှိသော ကုမ္ပဏီများသည် အကျိုးအမြတ်ဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ အထိအနာဆုံးအုပ်စုဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင်နှင့် အသေးစားကုမ္ပဏီများသည် မေလတွင် အခြေအနေ ပိုကောင်းလာပြီး အကျိုးအမြတ်ဆုံးရှုံးသည်ဟုဆိုသော ကုမ္ပဏီအချိုးအစားမှာ နည်းပါးသွားသော်လည်း အလတ်စားနှင့် အကြီးစား ကုမ္ပဏီများသည် ယခင်ဆောင်ရွက်ခဲ့သော စစ်တမ်းနှစ်ခုစလုံးကထက် အခြေအနေ ပိုဆိုးနေပါသည်။ ကပ်ရောဂါ၏ အစောပိုင်းအဆင့်များတွင် ကုမ္ပဏီကြီးများသည် အကျိုးအမြတ်ဆုံးရှုံးမှုအပိုင်းတွင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်ပါသည်။ သို့သော် ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေသည်နှင့်အမျှ ထိုကုမ္ပဏီကြီးများ၏ ကြံ့ကြံ့ခံနိုင်စွမ်းသည် အစမ်းသပ်ခံနေရပါသည်။ ဥပမာ မတ်လတွင် ယမန်နှစ်မှ တူညီသော အချိန်ကာလနှင့် နှိုင်းယှဉ်လျှင် အကျိုးအမြတ်ဆုံးရှုံးသည်ဟုဆိုသော ကုမ္ပဏီကြီးများသည် ၅၀ ရာခိုင်နှုန်းသာ ရှိပါသည်။ သို့သော် ဤကိန်းဂဏန်းသည် ဇွန်လမကုန်ဆုံးမီတွင် ၈၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာပါသည်။ပျမ်းမျှအားဖြင့်ဇွန်လတွင်ဆုံးရှုံးမှုနှင့် ကြုံတွေ့ရသည်ဟုဆိုသော ကုမ္ပဏီများအဖို့ ယမန်နှစ်က တူညီသော အချိန်ကာလက ရရှိခဲ့သော အကျိုးအမြတ်များနှင့် နှိုင်းယှဉ်လျှင် ၅၇ ရာခိုင်နှုန်း လျော့နည်းဆုံးရှုံးသွားခြင်းဖြစ်ပြီး အလတ်စား၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကုမ္ပဏီများ၏ အကျိုးအမြတ်ဆုံးရှုံးမှုသည် အမြင့်မားဆုံးဖြစ်ပြီး ၆၂-၆၃ ရာခိုင်နှုန်းအကြား ရှိပါသည်။


**ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းများကို ကြုံတွေ့ရသော ကုမ္ပဏီများထဲတွင် ဤအခက်အခဲကို ကျော်လွှားရန် အဓိကအသုံးပြုသည့် နည်းလမ်းအဖြစ် ဆက်လက်ရှိနေဆဲ နည်းလမ်းမှာ မိတ်ဆွေများနှင့် မိသားစုများထံမှ ချေးငွေရယူခြင်း ဖြစ်ပါသည်။** ကုမ္ပဏီများသည် မိတ်ဆွေများနှင့် မိသားစုများထံမှ ချေးငွေယူခြင်းကို အဓိက မှီခိုအားထားပြီး ၎င်းနောက်တွင် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများကို အသုံးပြုကာ စီးပွားရေးဘဏ်များကို အသုံးပြုသော ကုမ္ပဏီများမှာ ၈ ရာခိုင်နှုန်းသာ ရှိပါသည်။ မေလမှာကဲ့သို့ပင် ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းအတွက် ချေးငွေရယူမှု အများဆုံးကုမ္ပဏီများမှာ စိုက်ပျိုးရေး ကဏ္ဍမှ ကုမ္ပဏီများပင် ဖြစ်ပါသည် (ပုံ ၇ နှင့် ၈)။ ကဏ္ဍအများစုမှ ကုမ္ပဏီများသည် မေလနှင့် ဇွန်လ အကြားတွင် ချေးငွေလိုအပ်ချက် လျော့နည်းသွားသော်လည်း မိသားစုနှင့် မိတ်ဆွေများထံမှ ချေးငွေရယူသည့် ဝန်ဆောင်မှု ကုမ္ပဏီအချိုးအစားသည် ၈ ရာခိုင်နှုန်း တိုးလာပြီး ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ချေးယူသော အချိုးအစားသည် ၃ ရာခိုင်နှုန်း တိုးလာပါသည်။ ခြုံကြည့်လျှင်မူ ဖော်ပြပါ ချေးငွေရယူသည့် နေရာ (မိသားစု၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် စီးပွားရေးဘဏ်များ) တစ်နေရာချင်းစီမှ ချေးငွေရယူအသုံးပြုမှုသည် မေလနှင့် ဇွန်လအကြားတွင် လျော့နည်းသွားပါသည်။ ထို့ကြောင့် ငွေသားပြတ်လပ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ချေးငွေများအပေါ် အားထားမှု လျော့ကျလာသည့် လက္ခဏာဖြစ်ပြီး ယခင်လနှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုတစ်ခု ဖြစ်ပါသည်။

**ဩဂုတ်လတွင် ကိုဗစ်-၁၉ ၏ လုပ်ငန်းလည်ပတ်မှုအပေါ် သက်ရောက်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ သက်ရောက်မှုများကို တုံ့ပြန်ရန်အတွက် ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ခဲ့သည့် ကုမ္ပဏီအရေအတွက် ပို၍ မြင့်မားလာပါသည်။** ကုမ္ပဏီများ၏ သုံးပုံတစ်ပုံကျော်သည် အဓိကကျသည့် စီးပွားရေးလုပ်ငန်းဆောင်တာများအတွက် အွန်လိုင်းနှင့် ဒစ်ဂျစ်တယ်နည်းလမ်းများကို အသုံးပြုခဲ့ကြရာ ဇူလိုင်လနှင့် နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းကျော် တိုးလာခြင်းဖြစ်ပါသည် (ပုံ.၉)။အွန်လိုင်းနှင့် ဒစ်ဂျစ်တယ်နည်းလမ်းများသည် အသုံးပြုမှုနှုန်း တိုးတက်မှု အမြင့်မားဆုံးနည်းလမ်းဖြစ်ပြီး ယခင်က အသုံးပြုမှုအနည်းဆုံး နည်းလမ်းဖြစ်နေရာမှ အသုံးအများဆုံး နည်းလမ်းဖြစ်လာကာ ကုမ္ပဏီများ၏ ၃၄ ရာခိုင်နှုန်းသည် လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှုပုံစံတစ်ခုခုကို အသုံးပြုနေပါသည်။ ကုမ္ပဏီများ၏ ထက်ဝက်ကျော်သည် ၎င်းတို့၏ သမားရိုးကျ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုပုံစံများကို ဆက်လက်သုံးစွဲနေဆဲ ဖြစ်သော်လည်း ထိုနယ်ပယ်နှစ်ခုတွင်လည်း အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပါသည်။ အွန်လိုင်း သို့မဟုတ် ဒစ်ဂျစ်တယ်နည်းလမ်းများ အသုံးပြု


ပုံ (၄) ဩဂုတ်လတွင် ကုမ္ပဏီပိုင်ရှင်၏ အမျိုးသားဖြစ်မှု၊ အမျိုးသမီးဖြစ်မှုအလိုက် ကုမ္ပဏီများအပေါ် သက်ရောက်မှု





ပုံ (၅) ကဏ္ဍအလိုက် အကျိုးအမြတ်ကျဆင်းသည်ဟု ဆိုသော ကုမ္ပဏီများ ရာခိုင်နှုန်း




ပုံ (၆) ကုမ္ပဏီအရွယ်အစားအလိုက် အကျိုးအမြတ်ကျဆင်းသည်ဟုဆိုသော ကုမ္ပဏီများ ရာခိုင်နှုန်း





ပုံ (၇) နှင့် (၈) ချေးငွေရယူသည့် နေရာများ





မှတ်စု – အရောင်း၊ အကျိုးအမြတ်များ၊ ချေးငွေများနှင့် နှောင့်နှေးမှုများအကြောင်း မေးခွန်းများကို ဖြေကြားရန်အတွက် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စာရင်းဇယားများကို တွက်ချက်ပြီးမှသာ ဖြေကြားနိုင်မည်ဖြစ်ပြီး ထိုသို့ တွက်ချက်ပြီးစီးရန် အချိန်လိုအပ်သဖြင့် ထိုမေးခွန်းများကို ဖြေကြားသောအခါ မေးခွန်းမေးသည့် လက်ရှိအချိန်ရှိ အခြေအနေကို မစဉ်းစားခိုင်းပါ။ ဥပမာ ဩဂုတ်လတွင် တတိယအကြိမ် အချက်အလက်များ ကောက်ယူသောအခါ ဇွန်လအတွက်ကိုသာ ဖြေကြားခိုင်းပါသည်။ အခြားမေးခွန်းများအားလုံးအတွက်မူ မေးခွန်းမေးမြန်းသည့် အချိန်အတွက် ဖြေကြားစေပါသည်။ ဥပမာ တတိယအကြိမ်အတွက် ဩဂုတ်လအခြေအနေကို ဖြေကြားခိုင်းပါသည်။

ပုံ (၉) ကြီးမားသည့် ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်ဟုဆိုသော ကုမ္ပဏီများ အချိုးအစား




ပုံ (၁၀) အရေးအကြီးဆုံး အစိုးရ၏ မူဝါဒ တုံ့ပြန်ဆောင်ရွက်မှု




Source: The World Bank's COVID-19 firm survey

ခြင်းလောက် တိုးတက်မှုနှုန်း မမြင့်မားသော်လည်း ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများတွင် အပြောင်းအလဲများ ပြုလုပ်ခဲ့သည့် ကုမ္ပဏီများနှင့် ထုတ်ကုန်ပစ္စည်းများကို အိမ်အရောက်ပေးပို့မှု စတင်ခြင်း သို့မဟုတ် တိုးလာခြင်း ပြုလုပ်လာသည့် ကုမ္ပဏီများမှာ ၂ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်း အသီးသီး ရှိပါသည်။ အဝေးမှ အလုပ်လုပ်ကိုင်ခြင်းကို ကျင့်သုံးသည့် ကုမ္ပဏီများသည် ထပ်မံလျော့နည်းသွားပြီး အလွန်နည်းပါးသော အချိုးအစား (၃%) ကသာ ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများအတွက် ထိုနည်းလမ်းကို ကျင့်သုံးနေဆဲဖြစ်ပါသည်။ ကုမ္ပဏီအဆင့် ညှိနှိုင်းပြုပြင်မှုများ ပြုလုပ်ခြင်းသည် မြင့်မားလာသော်လည်း ဖောက်သည်များနှင့် ဝန်ထမ်းများ၏ ကိုဗစ်-၁၉ မှ လုံခြုံရေးအတွက် ဆောင်ရွက်သည့် ကုမ္ပဏီအချိုးအစား အနည်းငယ် ကျဆင်းသွားပြီး ဇွန်လတွင် အသုံးပြုမှု တိုးမြင့်လာသည့် တစ်ခုတည်းသော နည်းလမ်းမှာ လုပ်ငန်းခွင်တွင် ပုံမှန် ပိုးသန့်စင်ပေးခြင်း ဖြစ်ပါသည်။

**သြဂုတ်လတွင် ဒေသန္တရနှင့် နိုင်ငံအဆင့် အစိုးရများမှ ဆောင်ရွက်ပေးသော စီးပွားရေးကူညီပံ့ပိုးမှု အစီအစဉ်များကို သိရှိကြောင်းပြောသော ကုမ္ပဏီများသည် ၆၁ ရာခိုင်နှုန်း ရှိသော်လည်း ၂၀ ရာခိုင်နှုန်းကသာ ထိုအကူအညီများကို လျှောက်ထားကြပါသည်။** ဇူလိုင်လနှင့် သြဂုတ်လအကြားတွင် အစိုးရ၏ အထောက်အပံ့ ရရှိရန် လျှောက်ထားသော ကုမ္ပဏီများ အနည်းငယ် တိုးလာသည့်တိုင် အစိုးရ၏ ကူညီပံ့ပိုးမှုအစီအစဉ်များကို သိရှိသည့် ကုမ္ပဏီအရေအတွက်နှင့် လျှောက်ထားသည့် ကုမ္ပဏီအရေအတွက်အကြား ကွာဟချက်သည် ကြီးမားနေဆဲဖြစ်ပါသည်။ အရေးတကြီး အလိုအပ်ဆုံးသော အစိုးရ၏ အကူအညီများအဖြစ် ချေးငွေနှင့် ချေးငွေအာမခံချက်များရရှိအောင် ဆောင်ရွက်ပေးခြင်းကို ကုမ္ပဏီများက အလေးထားပြောကြားကြသော်လည်း ယခင်လကနှင့် နှိုင်းယှဉ်လျှင် အနည်းငယ် ကျဆင်းသွားပါသည်။ အခွန်ဆိုင်းငံ့ပေးခြင်း သို့မဟုတ် အခွန်လျှော့ပေါ့ပေးခြင်းတို့ကို မူဝါဒဦးစားပေးအဖြစ် ကုမ္ပဏီများက ထောက်ခံမှု တိုးတက်လာပြီး အခွန်နှင့် စပ်လျဉ်းသော အကူအညီများကို အလိုအပ်ဆုံးသော အစိုးရ၏ အကူအညီတစ်ခုအဖြစ် ဖော်ပြပြောဆိုသည့် ကုမ္ပဏီသည် ၁၇ ရာခိုင်နှုန်း ရှိပါသည် (ပုံ.၁၀)။

**သြဂုတ်လတွင် နောက်သုံးလအတွင်း အကြွေးပြန်မဆပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိမည်ကို စိုးရိမ်ကြောင်းပြောသည့် ကုမ္ပဏီအချိုးအစားတိုးလာသည်ကို တွေ့ရပါသည်။** ဇူလိုင်လတွင် အကြွေးပြန်ဆပ်နိုင်စွမ်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီကြီးများသည် အကောင်းဆုံး အနေအထားတွင် ရှိခဲ့သော်လည်း သြဂုတ်လတွင် အဆိုပါကုမ္ပဏီများအကြား နောက်လာမည့်လများအတွင်း အကြွေးပြန်မဆပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်ခြေရှိကြောင်း ပြောသည့် ကုမ္ပဏီအချိုးအစားသည် ၅၃ ရာခိုင်နှုန်း တိုးလာပါသည်။ ဤတွေ့ရှိချက်သည် အချက်အလက်များ ကောက်ယူစုဆောင်းခဲ့သည့် ကာလတစ်လျှောက်လုံးတွင် ကုမ္ပဏီများမှ ပြောပြသည့် ကိုဗစ်-၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများတွင် အကြီးမားဆုံး တိုးပွားမြင့်မားလာသည့် တစ်ခုတည်းသော သက်ရောက်မှုဖြစ်ပြီး ကဏ္ဍတိုင်းတွင် အပြောမျာသော သက်ရောက်မှုဖြစ်ပါသည်(ပုံ.၁၁)။ အလားတူပင် မည်သည့်ကဏ္ဍတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည်ဖြစ်စေ ကုမ္ပဏီများအားလုံးသည် အကြွေးပြန်မဆပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိမည်ကို ယခုအခါ ဇူလိုင်လကထက် ပို၍ စိုးရိမ်မှုများနေပါသည်။ သို့သော် ကုမ္ပဏီကြီးများထက် အခြားကုမ္ပဏီများက စိုးရိမ်မှုအတိုင်းအတာ ပိုနည်းပါသည်။ သို့တိုင်အောင် ပျမ်းမျှအားဖြင့်မည်သည့် အရွယ်အစားပင်ဖြစ်စေ၊ မည်သည့်ကဏ္ဍတွင် လုပ်ကိုင်နေသည်ဖြစ်စေ ကုမ္ပဏီများ အားလုံးနီးပါးက နောက်တစ်လတွင် လုပ်ငန်းဆက်လက် လည်ပတ်နိုင်မည်ဟု ယုံကြည်မှုရှိကြောင်း ဆိုပါသည်။ ထိုသို့ ယုံကြည်မှုမရှိသော ကုမ္ပဏီအချိုးအစားသည် အုပ်စုအားလုံးတွင် လျော့နည်းသွားပါသည်။ ခြွင်းချက်မှာ အသေးစားကုမ္ပဏီများဖြစ်ပြီး ထိုအုပ်စုတွင် ရာခိုင်နှုန်း အနည်းငယ်မျှသာ တိုးတက်လာသည်ကို တွေ့ရပါသည်။ ချေးငွေလက်လှမ်းမီမှု လျော့နည်းသွားခြင်းကို ကြုံတွေ့ရသော ကုမ္ပဏီအချိုးအစားသည်လည်း သြဂုတ်လတွင် လျော့နည်းသွားသည်ကိုတွေ့ရပြီး ခြွင်းချက်အဖြစ် ဤအခက်အခဲကို ကြုံတွေ့ရသည်ဟုဆိုသော အကြီးစားနှင့် အလတ်စားကုမ္ပဏီများသည် ၅ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်း အသီးသီး တိုးလာပါသည်။ စိုက်ပျိုးရေးကဏ္ဍအတွင်းရှိ ကုမ္ပဏီများသည် အထိအနာဆုံး ကုမ္ပဏီများအဖြစ် ဆက်လက်ရှိနေပြီး ပျမ်းမျှအားဖြင့် ကိုဗစ်-၁၉ ၏ ဆိုးကျိုးသက်ရောက်မှုကို ခံစားရသည်ဟုဆိုသော ကုမ္ပဏီအရေအတွက်သည် ဤကဏ္ဍတွင် အခြားကဏ္ဍများမှာထက် ပိုများပါသည် (ပုံ.၁၂)။

ပုံ (၁၁) ကုမ္ပဏီအရွယ်အစားအလိုက် ကိုဗစ်-၁၉ ၏ သက်ရောက်မှု




ပုံ (၁၂) ကဏ္ဍအလိုက် ကိုဗစ်-၁၉ ၏ သက်ရောက်မှု

